ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၅၀၀-ဆည/ ခွဲ(၅) လိုင်စင်/၄၈၅၄

ရက်စွဲ ၊၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၁၂ ရက်

အကြောင်းအရာ။ **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားသော ကုမ္ပဏီများ၏ ဆောင်ရွက်နေသော ဝန်ဆောင်မှုလုပ်ငန်းစာရင်းများ ပြုစုပေးပို့ရန်ကိစ္စ**

၁။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရယူထားသော ကုမ္ပဏီအဖွဲ့အစည်းများအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် အခါအားလျော်စွာသတ်မှတ်ပြဋ္ဌာန်းထားသော ညွှန်ကြားချက်များ အပါအဝင် လိုင်စင်ပါစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်၊ လိုင်စင်စီမျှားနှင့် အမှန်တကယ်အသုံးပြုသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း ၊ ကြီးကြပ်ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိပါသည်။

၂။ ထို့အပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လိုင်စင်ရယူပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သော ကုမ္ပဏီများမှ လိုအပ်ပါက လုပ်ငန်းညှိနှိုင်းလာမှုအပေါ်တွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် လုပ်ငန်းများပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီများအနေဖြင့် မိမိတို့ရရှိထားသောလိုင်စင်ဖြင့် လိုင်စင်စီအချင်းချင်း သော်လည်းကောင်း၊ အများပြည်သူသို့သော်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် အချက်အလက်များအား ပူးတွဲပါဇယားပုံစံတွင် ဖြည့်စွက်၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဤအကြောင်းကြားစာရရှိသည့်နေ့မှစ၍ ရက်သတ္တပတ်(၂) ပတ်အတွင်း ပေးပို့သွားရန် အသိပေး အကြောင်းကြားပါသည်။

ပူးတွဲပါပုံစံ(၁) စောင်

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ညွှန်ကြားရေးမှူး)

ဖြန့်ဝေခြင်း

လိုင်စင်ရကုမ္ပဏီများအားလုံး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရုံးလက်ခံ
မျှော

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ထုတ်ပေးထားသည့် ကုမ္ပဏီများမှ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ

စဉ်	ကုမ္ပဏီအမည်	မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း	ဆက်သွယ်ရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် လုပ်ငန်းအမျိုးအစားများ										
			တာဝါတိုင်ဌာနရုံးခြင်းလုပ်ငန်း	ဖိုင်ဘာကေဘယ်ဌာနရုံးခြင်းလုပ်ငန်း	Data Center လုပ်ငန်း	Satellite Service လုပ်ငန်းများ			ISP လုပ်ငန်း				အခြားဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ
						VSAT	MPLS	Other Sat	FTTH	XDSL	Wireless	IXP လုပ်ငန်း	
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)	(၁၀)	(၁၁)	(၁၂)	(၁၃)	(၁၄)